# ကိုယ်ဝန်ငါးလကျော်ပြီဖြစ်တဲ့ နိုင်ငံရေးအကျဉ်းသား မမေမီဦး ပြန်လည်လွတ်မြောက်

## ၂ ဒီဇင်ဘာ ၂၀၀၇

ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း သံဃာတော်တွေ သပိတ်မှောက် ကံဆောင်တဲ့ အချိန်မှာ ရေချမ်းကပ်မိလို့ ၂လခွဲ နီးပါး အချုပ်အနှောင်ခံခဲ့ရတဲ့ ရန်ကုန် ဗဟန်းမြို့နယ်က ကိုယ်ဝန်ဆောင်အမျိုးသမီး မမေမီဦးနဲ့ တခြားနိုင်ငံရေး အကျဉ်းသား (၁၀)ယောက်ကို ဒီကနေ့မှာ မြန်မာအစိုးရက ပြန်လွှတ်ပေးလိုက်ပါတယ်။ အာဏာပိုင်တွေဖက်က ဘာကန့်သတ်ချက်မှမရှိဘဲ ပြန်လွှတ်ပေးလိုက်တာလို့ မမေမီဦးကပြောပါတယ်။ မမေမီဦးရဲ့ အကျဉ်းထောင်တွင်း အတွေ့အကြုံတွေကို ဦးသိန်းထိုက်ဦးက မေးမြန်းထားပါတယ်။

> ‘‘၁၂နာရီမှာ ကျမရှိနေတဲ့ အခန်းကို လာပြောပါတယ်။ ကျမ မယကရုံးတွေကိုပါ ပါသွားတော့ ကျမ ၂ နာရီလောက်မှာ ပြန်လွှတ်လာပါတယ်။’’

*မမေမီဦးက ကိုယ်ဝန်ရှိတယ်ဆိုပြီးတော့ မိသားစုက တော်တော်လေး စိုးရိမ်နေခဲ့ကြတာလေ။ ကျန်းမာရေးအခြေအနေ ရော အခုဘယ်လိုရှိပါသလဲ။*

> ‘‘ကောင်းပါတယ်ရှင့်။’’

*စုစုပေါင်းဘယ်လောက်ကြာကြာနေခဲ့ရသလဲခင်ဗျ။*

> ‘‘အားလုံးပေါင်း (၇၄)ရက် ကြာခဲ့ပါတယ်။’’

*၇၄ ရက်အတွင်းမှာ ဘယ်တွေမှာနေခဲ့ရတာလဲ။ အင်းစိန်ထောင်မှာပဲလားခင်ဗျ။*

> ‘‘ကျမကို အိမ်ကနေစခေါ်သွားကတည်းက ဒီနေ့အထိကို အင်းစိန်ထောင်တခုတည်းမှာပဲ ထားခဲ့တာပါ။’’

*ခေါ်သွားတဲ့အကြောင်းအရင်းကတော့*

> ‘‘ခေါ်သွားတဲ့အကြောင်းအရင်းက ၈၈မျိုးဆက်ကျောင်းသားတွေနဲ့ ပါဝင်ပက်သက်မှု၊ ရဟန်းသံဃာတွေရဲ့ ၁၈၊၁၉လှုပ်ရှားမှုမှာ ပါဝင်မှုပေါ့။’’

*အင်းစိန်ထောင်ထဲနေခဲ့ရတုန်းက ကျန်းမာရေး စစ်ဆေးခံခွင့်တွေ၊ ကျန်းမာရေးအရ စောင့်ရှောက်တာမျိုးတွေရှိပါသလားခင်ဗျ။*

> ‘‘ကျမအတွက်ကတော့ စရောက်သွားတုန်းက ကိုယ်ဝန် သုံးလပြည့်သွားတဲ့နေ့ဖြစ်တဲ့အတွက် ကျမက အာထရာစောင်း ရိုက်ချင်တယ်ဆိုပြီးတော့ အကစ (အကျဉ်းဦးစီးဌာန)ကို တောင်းဆိုခဲ့ပါတယ်။ သူတို့ဖက်က အာထရာစောင်းစက်က ထောင်ရဲ့ ဆေးရုံမှာတော့ရှိတယ်။ သို့သော်လည်း အာထရာစောင်းကို ကြည့်တက်တဲ့ ဆရာဝန် အင်းစိန်ထောင်မှာ မရှိတဲ့အတွက် ခေါ်ယူရမှာဖြစ်တဲ့အတွက် စောင့်ပေးပါလို့ သူတို့ ကျမကို ပြောပါတယ်။ ပြန်ထွက်လာတဲ့ (၇၄)ရက် ထိကို မရိုက်ခဲ့ရပါဘူး။’’

*ကျန်တဲ့ ဆေးတွေဘာတွေ စားရတာမျိုးရော*

"ဆေးကတော့ ကျမက ကိုယ်ဝန်သုံးလစပြည့်တဲ့နေ့မှာ ပါသွားတာဖြစ်တဲ့အတွက် စသောက်ရမယ့် ဆေးတွေ တလစာဝယ်ထားမိလို့ ကျမ ပါသွားတဲ့အချိန်မှာ တပါတည်း အိမ်ကယူသွားတဲ့အတွက် ကျမသောက်ရပါတယ်။ တလဆေးကုန်ခါနီးလဲကျတော့ အိမ်ကို ဆေးဝယ်ခိုင်းတယ်။ အိမ်နဲ့ဆက်သွယ်မှု မပြုလုပ်ရသေးတဲ့ အတွက် သူတို့ပဲ၊ (အကစ) ကနေပြီးတော့ ကျမကိုဝယ်ပေးတယ်။

*ထိန်းသိမ်းထားတဲ့ ကာလအတွင်းမှာ စစ်ဆေးတာမျိုးတွေရှိပါသလားခင်ဗျ။ ဘာမေးခွန်းတွေမေးပါသလဲခင်ဗျ။*

"အင်းစိန်အကျဉ်းထောင်ကိုရောက်သွားပြီးတဲ့အချိန်ကစပြီးတော့ ကျမကို သုံးရက်တိတိတော့ စစ်ကြောရေးဆက်တိုက်ဝင် တယ်ပေ့ါ။ အဲဒီ သုံးရက်ပြီးတော့ ပြန်တဲ့အချိန်အထိ ဘာမှ မေးတာမျိုးတွေ မရှိတော့ဘူးရှင့်။"

*အဓိကမေးခွန်းတွေက ဘာတွေပါလဲခင်ဗျ။*

"အဓိကမေးတာကတော့ ၈၈မျိုးဆက်ကျောင်းသားတွေရဲ့ လှုပ်ရှားမှုတွေ၊ ရဟန်းသံဃာတွေရဲ့ လှုပ်ရှားမှုတွေကို မေးပါတယ်။"

*အကျဉ်းထောင်ထဲမှာ ထားတော့ရော တယောက်တည်းပဲ ထားလား၊ ကျန်တဲ့အကျဉ်းသားတွေရော ဘယ်သူတွေနဲ့ထားလဲခင်ဗျ။*

"ကျမရဲ့ အဆောင်မှာတော့ တယောက်ကို တခန်းထားတယ်။ ကျမတို့အဆောင်မှာတော့ မစန္ဒာမင်းခေါ် မရွှီးရှိတယ်။ မလေးလေးမွန်ရှိတယ်။ မနိုဘယ်အေးရှိတယ်။ ဒေါ်စန်းစန်းတင်ဆိုတဲ့ အသက်ဖ၀ရွယ် အမျိုးသမီး တယောက် ရှိပါတယ်။"

*ဒီနေ့ လွတ်တော့ ကျန်တဲ့သူတွေရော ပါသေးလာခင်ဗျ။*

"ကျမနဲ့အတူတူ အမျိုးသား ၁၀ယောက်ပါပါတယ်။ အမျိုးသမီးကတော့ ကျမတယောက်တည်းပါပဲ။"

*အမျိုးသား၁၀ယောက်ထဲမှာ ဘယ်သူတွေပါပါလဲခင်ဗျ။*

"အမျိုးသားတွေရဲ့ နာမယ်တွေကိုတော့ ကျမမသိဘူးရှင့်။ ကျမတွေ့ဖူးနေတဲ့ သူတွေလည်း မဟုတ်ဘူးရှင့်။ သူတို့ကတော့ တွေ့တဲ့အခါပြောတော့ ဝါးခယ်မတို့၊ ဘိုကလေးတို့ အစုံကပဲရှင့်။ သူတို့က စက်တင်ဘာ ၁၀ရက်ကျော်ကျော် လောက်ကတည်းက အိမ်ကနေပြီးတော့ ဖမ်းဆီးထိန်းသိမ်းခံတာရတယ်လို့ ပြောပါတယ်။"

*အကျဉ်းထောင်ထဲမှာတုန်းက ကျန်တဲ့သူတွေရဲ့ အခြေအနေတွေကိုရောသိရပါသလားခင်ဗျ။ ၈၈မျိုးဆက်ကျောင်းသားတွေရဲ့ ဘာအခြေအနေတွေကို သိရပါသလဲခင်ဗျ။*

"ကျမ သိလိုက်ရတာက အဲဒီအစ်ကိုတွေကို ကျမနဲ့ အတူတူလွတ်လာတဲ့ အစ်ကိုတွေကို မေးကြည့်တဲ့အခါကျတော့ ကျန်တဲ့သူတွေ ကျန်းမာရေးကောင်းတယ်ပေ့ါနော်။ ကိုမြအေးတော့ သိပ်နေမကောင်းဘူးလို့ ပြောတယ်ရှင့်။"

*အခုပြန်ပြီးတော့ လွတ်လိုက်တဲ့အချိန်မှာ သူတို့ဖက်က နိုင်ငံရေး လှုပ်ရှားမှုတွေမှာ မပါဘူးလို့ ကန့်သတ်ချက်တွေ ရှိပါသလားခင်ဗျ။*

ဘာမှမရှိပါဘူးရှင့်။